# ဝင်းမြန်မာစာစနစ် အသုံးပြုခွင့်နားလည်မှု သဘောတူညီချက်

ဝင်းမြန်မာစာစနစ် အသုံးပြုခွင့်နားလည်မှု သဘောတူညီချက်သည် ထုတ်လုပ်ရောင်းချသူ မြန်မာနက် (နောင်တွင် ရောင်းချသူဟု ခေါ်ဆိုမည်) နှင့် ဝင်းမြန်မာစာစနစ် (နောင်တွင်ဆော့ဖ်ဝဲ ဟုခေါ်ဆိုမည်) အား ကာလအလျောက် သတ်မှတ်ထားသော အဖိုးစားနားပေးချေခဲ့သည့် ဆော့ဝဲအသုံးပြုမည့်သူ (သို့မဟုတ်) အသုံးပြုနေသူ (နောင်တွင် အသုံးပြုနေသူ ဟုခေါ်ဆိုမည်) တို့အကြား အသုံးပြုရန် ဆော့ဝဲစနစ် ထည့်သွင်းစဉ်နှင့် အသုံးပြုနေသည့် ကာလတစ်လျှောက် အကျိုးသက်ဝင်စေမည့် သဘောတူညီချက်တစ်ရပ်ဖြစ်သည်။

ရှင်းလင်းချက်

ဝင်းမြန်မာစာစနစ်အား ကွန်ပျူတာ၌ ထည့်သွင်းအသုံးပြုခြင်းဖြင့်–

၁။ ကွန်ပျူတာ၌ မြန်မာဘာသာဖြင့် စာစီစာရိုက်ခြင်း၊ တည်းဖြတ်ခြင်း၊ တွက်ချက်ခြင်း နှင့် ဒီဇိုင်းရေးဆွဲခြင်းများ အားအခြားသော ကွန်ပျူတာပရိုဂရမ်များ နှင့် ဆက်စပ်အသုံးပြု နိုင်မည်ဖြစ်သည်။

၂။ ဆော့ဖ်ဝဲထဲတွင် အသုံးပြုသူနှင့်သက်ဆိုင်သော လျှို့ဝှက်သင်္ကေတ၊ စကားဝှက် စသည့် သတင်းအချက်အလက်များကို နှိုက်ယူဖြန့်ဖြူးနိုင်သည့် ပရိုဂရမ်များ မထည့်ထားပါ။

၃။ အသုံးပြုသူ၏ကွန်ပျူတာအား နှောက်ယှက်ဖျက်ဆီးစေမည့် ကွန်ပျူတာ ဗိုင်းရပ်ကဲ့သို့သော စသည့် ပရိုဂရမ် တစ်ခုမျှ ထည့်သွင်းထားခြင်း မရှိပါ။

၄။ သို့ပါသော်လည်း ဤဆော့ဝဲကိုထည့်သွင်းနေစဉ်နှင့် အသုံးပြုဆဲကာလအတွင်း မျှော်လင့်မထားသော နည်းပညာ ဆိုင်ရာမတော်တဆ ဖြစ်မှုအရပ်ရပ်အပေါ်၌ ထုတ်လုပ်သူမှ တာဝန်ယူမည် မဟုတ်ပါ။

အဓိပ္ပါယ် သတ်မှတ်ချက်များ အဓိပ္ပါယ် ဖွင့်ဆိုချက်များ

၅။ ထုတ်လုပ်သူဟု ဆိုရာတွင်ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း တရားဝင် ဖွဲ့စည်း တည်ထောင်ထားသော အမည်ပါ စီးပွားရေးအဖွဲ့အစည်းဖြစ်၍ သက်ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များနှင့် အညီအဆိုပါစီးပွားရေးအဖွဲ့ အစည်းအား အခြေခံ၍ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက် ပြောင်းလဲဖွဲ့စည်းမှု အရပ်ရပ်ပါသက်ဆိုင်သည်။

အသုံးပြုသူ

၆။ အသုံးပြုသူဟုဆိုရာတွင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ လုပ်ငန်း အဖွဲ့အစည်း၊ စီးပွားရေး – အဖွဲ့အစည်း၊ ဌာနအဖွဲ့အစည်း တစ်ရပ်ရပ်နှင့် ယင်းလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအရပ်ရပ်၏ ဥပဒေပြဋ္ဌာန်း သတ်မှတ်ချက်များအရ တာဝန်ရှိသူ အဆင့်ဆင့်နှင့် ဆက်ခံခွင့် ရှိသူများပါသက်ဆိုင်သည်။

ဆော့ဖ်ဝဲဝယ်ယူခြင်း

၇။ ဆော့ဖ်ဝဲစီဒီအားဝယ်ယူခြင်းသည် ဆော့ဖ်ဝဲနှင့် ယင်း၏မူပိုင်ခွင့် အရပ်ရပ်ကို ဝယ်ယူပိုင်ဆိုင်ခြင်း မဟုတ်ပါ။

၈။ အသုံးပြုသူအနေနှင့် ဆော့ဖ်ဝဲအသုံးပြုခွင့်ကိုသာ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း တစ်ရပ်သာဖြစ်သည်။

တားမြစ်ချက်များ

၉။ ဆော့ဖ်ဝဲစီဒီယူနစ်တစ်ခုဝယ် ယူခြင်းသည် ကွန်ပျူတာယူနစ်တစ်ခု၊ စက်တစ်စုံ၌သာ တရားဝင်ထည့်သွင်း အသုံးပြုခွင့်ရှိသည်။

၁၀။ အသုံးပြုသူအနေဖြင့် ဆော့ဖ်ဝဲ၏အသုံးပြုခွင့်ကိုသာ တပ်ယူခြင်း၊ ငှားရမ်းခြင်း ဖြစ်သည့် အားလျော်စွာ ဤဆော့ဖ်ဝဲ၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အခမဲ့ဖြစ်စေ၊ ငွေကြေးအလို့ငှာဖြစ်စေ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ထပ်ဆင့် အသုံးပြုခွင့်ပေးခြင်း ဖြစ်စေ၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြောင်းလဲခြင်း၊ အသွင်ပြောင်းလဲခြင်းများ ပြုလုပ်ခွင့်မရှိပါ။

သဘောတူညီချက်

၁၁။ အသုံးပြုသူအနေဖြင့် အထက်ပါ ရှင်းလင်းချက်၊ ဖွင့်ဆိုချက်၊ တားမြစ်ချက် များအားသေချာစွာ ဖတ်ရှုပြီး ဖြစ်၍ဖော်ပြပါ အချက်တစ်ရပ်ရပ် အားသဘောတူ လိုက်နာနိုင်ခြင်း မရှိပါက ဆော့ဖ်ဝဲ ထည့်သွင်းခြင်းလုပ်ငန်းစဉ်အား ရပ်ဆိုင်းမည်ဖြစ်၍ သို့မဟုတ်ပါက သတ်မှတ်ဖော်ပြချက်များအား လွတ်လပ်သော ဆန္ဒသဘောထားများနှင့်အညီ သဘောတူ လက်ခံနိုင်သည့် အရည်အချင်းပြည့်မီသူ၏ သဘောတူညီချက် အဖြစ်မှတ်ယူမည် ကိုလက်ခံသဘောတူပါသည်။

၂။ အသုံးပြုနေဆဲကာလအတွင်း၊ အဆိုပါ သတ်မှတ်ချက် တစ်ရပ်ရပ်အား ဆက်သဘောတူလက်ခံနိုင်ခြင်း မရှိတော့ပါကလည်း အသုံးပြုသူ၏ကွန်ပျူတာယူနစ်မှ ဤဆော့ဖ်ဝဲအား ပယ်ဖျက်ရမည်ကိုနားလည်သဘော ပေါက်ပါသည်။

၁၃။ ထုတ်လုပ်သူအနေနှင့် အထက်ပါသတ်မှတ်ချက်များအား အခါအားလျော်စွာ ပြင်ဆင်ခွင့်အရ လက်ခံသဘောတူပါသည်။

၁၄။ အသုံးပြုသူအနေနှင့် အထက်ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် အားဖောက်ဖျက်ကျူးလွန်ပါက ၁၉၁၄ မြန်မာနိုင်ငံမူပိုင်ခွင့်  ဥပဒေအရလည်းကောင်း၊ အခြားတည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ အရေးယူ ဆောင်ရွက်ခြင်းခံရမည်ကို နားလည်သဘောတူပါသည်။